(ပခုက္ကူဦးအုံးဖေ စာပေဆုရစာအုပ်)

# ကျွန်းစဥ့်မြေ ဇောခက်

(အမျိုးသားစာပေဆုရ)

## တွင်းကောက်ရှာသောမြွေများ

နှင့်

## အခြား ဘဝရသ ဝတ္ထုတိုများ



ဒုတိယအကြိမ်

# စာရေးသူ၏ ရင်တွင်းစကား

ဝတ္ထုတိုများ ရေးသားခြင်းဖြင့် လူမှုဘဝအဖုံဖုံတို့ ၏ ဒုက္ခသစ္စာ၊ ပင်စည်ခက်လက်များကို ထုဆစ်သည် ။ လောဘ၊ ဒေါသ၊ မောဟ၊ မာန ၊ အာဃာတတရားတို့ ၏ အစွန်းထွက်ဖြစ်ရပ်များကို လှစ်ပြသည် ။ အတုယူစရာ၊ သတိထားစရာ၊ ဆင်ခြင်စရာဟူ၍ စာဖတ်သူများ ၏ အသိအိမ်တွင် ခိုဝင်စေချင်သော စေတနာဆန္ဒဖြင့် မေတ္တာရည်၍ ရေးသားခဲ့ပါသည် ။

ယခု ကျွန်တော်ပုံဖော်ထုဆစ်ထားသည့် ‘တွင်းကောက်ရှာသော မြွေများ နှင့် အခြားဘဝရသဝတ္ထုတိုများ ‘ သည် ကျွန်တော်၏ ပြေးလမ်းတစ်လျှောက် အထင်ကရဖြစ်တည်မှု အကြောင်းတရား ကိုယ်တိုင်က ကျွန်တော့်ကို ဘဝပုံဖော် စာရေးသူတစ်ဦးဖြစ်အောင် သဘာဝက ဖန်တီးပေးသည် ဟု ဆိုက မှားအံ့မထင်မိပေ။ ကျွန်တော့် ဝတ္ထုတိုများမှာ ကျွန်တော့်ဘဝ အစိတ်အပိုင်းအချို့၏ သဘာဝပန်းချီကားများ ပင် ဖြစ်သည် ။

ကျွန်တော့်ဇာတ်ရပ်မဟုတ်သော အကြင်ဝတ္ထုများ သည် လည်း ကျွန်တော်နှင့် ထိစပ်၍ လည်းကောင်း၊ လက်တစ်ကမ်းအကွာတွင် သော်လည်းကောင်း ဖြစ်ပျက်ပြောင်းလဲနေကြသော ဘဝထိုထိုများ ပင် ဖြစ်ပေသည် ။ ကျွန်တော်သည် ဤသည် တို့ ၏ ဖြစ်ခြင်း၊ ပျက်ခြင်းအကြောင်းတရားများကို မြင်နေရ၏။ ကြားနေရ၏။ သိနေရ၏။ ဤတွင် ကျွန်

တော်၏ တွေးခေါ်မှု နှင့် အသိ၏ စေ့ဆော်မှုများကြောင့် ကျွန်တော့်က လောင်သွား ရွှေ့လျားရာတစ်လျှောက် ဘဝမှန် ပြည်သူတို့ ၏ ဖြစ်ပျက်မှုအမှန်တရား ဇာတ်ဝင်ခန်းများ သည် ဘဝရသဝတ္ထုတိုများ အဖြစ် ထင်ကျန်ရစ်ခဲ့ကြပေတော့သည် ။

လူ့သက်တမ်းတစ်လျှောက် ဖြစ်ပျက်မှုအကြောင်းအရာတိုင်းတွင် လောဘနဲ့ မကင်းကြ၊ ဒေါသကို မရှောင်လွှဲနိုင်ကြ မောဟကို မပယ်ခွာနိုင်ကြ။ လောဘ၊ ဒေါသ၊ မောဟတရားတို့ ၏ ကြိုးဆွဲရာအောက်တွင် ရုပ်သေးကိုယ်က စည်းချက်လိုက်ပြီး ကကြိုးပြောင်းကာ ကနေရခြင်းပင် ဖြစ်ပါသည် ။ ဤတွင် ပျော်မောရမှု ဒေါသဖြစ်ရမှု ကြေကွဲရမှု စသော ပြယုဂ်များက စိတ်နောက်တွင် ရေပွက်ထကာ ဖြစ်ပေါ်တတ်ကြသည် ။ ဤအဖြစ်အပျက် ဤအကြောင်းအရာများ သည် ပင်လျှင် လောကဇာတ်ရုပ်အသွင်ဖြင့် ရသဝတ္ထုများ အဖြစ် အသက်ဝင်လာကြခြင်းဖြစ်ပါသည် ။ ဝတ္ထုတစ်ပုဒ်ချင်းစီ၏ စီးမျောမှုမှာ လောကဇာတ်ကောင်တို့ ၏ ဖြစ်ပျက်မှု အကြောင်းတရားထဲက စိမ့်ယိုစီးထွက်လာသည့် ဘဝဖွဲ့ အစိတ်အပိုင်းများ ပင်ဖြစ်ပါသည် ။

ကျွန်တော်ကြီးပြင်းခဲ့ရာ၊ ကျင်လည်ခဲ့ရာ ဘဝပတ်ဝန်းကျင်များ သည် ပင်လယ်ပြင် မြစ်ချောင်းများ နှင့် ဒီရေရောက် ကျွန်းစုရွာများ ပင်ဖြစ်သည် ။ ကျွန်းစဉ်ဒေသသည် မြန်မာ့မြေပြင် အနောက်ခြမ်း ကမ်းရိုးတန်းရှိ ကျောက်ဖြူမြို့နယ်၊ မြေပုံမြို့နယ်နှင့် အမ်းမြို့နယ်တို့ ဆုံရာ ကျွန်းစဉ်ကျွန်းတန်းများ ပင်ဖြစ်ပေသည် ။ မြေပြန့်လွင်ပြင် ဟူ၍ လုံးဝမရှိဘဲ ဒီရေရောက် မြစ်ချောင်းများ ခက်ဖြာယှက်နွယ်နေသော ရပ်ဝန်းဖြစ်သည် ။ တိုတိုရှင်းရှင်းပြောရလျှင် အိမ်ပေါ်မှ အိမ်အောက်သို့ ဆင်းလျှင် ဒီရေရောက် မြစ်များ ၊ ချောင်းများ နှင့် ထိတွေ့ကြရပေသည် ။ သို့ဖြစ်ပါ၍ ကျွန်းစဉ် ဒေသရွာများ တွင် အိမ်တိုင်းလိုလို လှေရှိကြသည် ။ တစ်ရပ်န

င့် တစ်ရပ်၊ တစ်နေရာနှင့် တစ်နေရာ လှေဖြင့်သာ လှော်ခတ်သွားလာကြရသည် ။

ဤအခြေအနေများကြောင့်ပင် ကျွန်တော့် ဝတ္ထုတိုင်းလိုလို ပင်လယ် ၊ မြစ်၊ ချောင်း အကြောင်းအရာများ နှင့် မကင်းခြင်းဖြစ်ပေသည် ။ ကျွန်တော် ရုပ်လုံးဖော်ထားသည့် အကြောင်းအရာအဖြစ်အပျက်များ သည် လူမှုဘဝနယ်ပယ်တွင် အမှန်ဖြစ်ပျက်နေကြသော သမုတိပြဇာတ်များ ပင် ဖြစ်ပေသည် ။ ပျော်ရွှင်ရယ်မောရသည် လည်း ရှိပါ၏။ ပူဆွေးငိုကြွေးရသည် လည်း ရှိပါ၏။ ထို့ကြောင့် အဖြစ်အပျက်အလုံးစုံ တို့ သည် ဘဝမှန်ပြည်သူများ ၏ ပြေးလမ်းပေါ်က မိုင်တိုင်များ ပင် ဖြစ် ပေသည် ။

မည်သို့ပင်ဆိုစေ ကျွန်တော့် ဝတ္ထုတိုများ သည် စာဖတ်ပရိသတ်အ တွက်တစ်စုံတစ်ခုသော 'ရသ' ကိုခံစားမှုဖြစ်စေသည် ဟု ဆိုပါလျှင် ကျွ န်တော် ကြိုးစားရကျိုးနပ်ပါပြီ။

ဆက်လက်ကြိုးစားပါဦးမည်။

**ကျွန်းစဉ်မြေ စောခက်**

*****

# ကျွန်းစဉ်မြေ ဇောခက်



# သမုဒ္ဒရာထဲက ရေချိုတွင်း

မေလ (၃၁)ရက် နံနက်ခင်း။

မိုးတဖြောက်ဖြောက်ရွာနေ၏။ တောင်လေမုတ်သုံက ပြေပြေက လေး ဆော်သွေးနေသည် ။ တောင်ဆီမှာ တော့ တိမ်ညိုမိုးသားများ မှောင်မည်းနေ၏။ စစ်တွေမြို့၊ ဆတ်ရိုးကျချောင်း ဒိုးပင်ရင်းဆိပ်ကမ်းမှာ တော့ "ရွှေမင်းသား"ဟု အမည်ရေးထားသော စက်လှေကလေးတစ်စီး ဆိုက်ကပ်ထားသည် ။

"ကိုကြီးနဲ့ ညီညီ… လာကြဟေ့… လာကြ"

ဆရာကြီး ဦးလွမ်းဝေ ပွဲစင်မိုးပေါင်းအောက်ကနေ လူရွယ်ညီအစ်ကို နှစ်ယောက်ကို လှမ်းခေါ်လိုက်၏။ ကိုကြီးဆိုသည် မှာ ဆရာကြီးဦးလွမ်းဝေ၏ သားအကြီးဖြစ်ပြီး ညီညီကတော့ သားအငယ်ဖြစ်သည် ။ အမည်အရင်းတွေကတော့ သိန်းမြင့်လှိုင်နှင့် ညွန့်လွင်မိုး။

ဆရာကြီးဦးလွမ်းဝေတို့ နေသော ရွာမှာ မြေပုံမြို့နယ် အရှေ့တောင် ဘက်စွန်းရှိ သရက်တောင်မည်သောရွာပင် ဖြစ်သည် ။ မြေပုံမြို့နယ် ကျောက်ဖြူမြို့နယ်နှင့် အမ်းမြို့နယ်တို့ ဆုံရာ တြိဂံကျွန်းတန်းဒေသပင် ဖြစ်သည် ။ စစ်တွေမှ သည် နေ့မနက် ခရီးစထွက်မှ နောက်တစ်နေ့မိုး လင်းချိန်မှာ ရောက်ပေမည်။

"အဖေရယ် ဖြစ်ပ့ါမလား၊ ရာသီဥတုက မှောင်မည်းနေတာပဲ"

"မဖြစ်လို့ မရဘူးလေ သားရဲ့ ၊ အဖေ့မှာ မနက်ဖြန် ဇွန်လ(၁)ရက် နေ့မှာ ကျောင်းမဖွင့်လို့ မရဘူး"

"လှိုင်းတော့တွေ့မယ်နော်... အဖေ"

သားငယ် ညီညီက စိုးရိမ်စိတ်ဖြင့် အဖေ့ကို တင်ပြလိုက်ခြင်းဖြစ်သည် ။

"တို့ ဒီကထွက်ရင် ကုလားတန်မြစ်ဝ ငပြီတက်ကျွန်းသောင်ကို ကျော်တာလောက်ပဲ လှိုင်းနဲ့ နပန်းလုံးရမှာ ပဲ၊ ဟိုဘက်ပေါက်တောနယ် ရောက်တာနဲ့ ကျွဲကူးမြစ်အတိုင်း မောင်းတက်ပြီး မင်းပြားကြပ်စင်ကျွန်း မော်ဖျားက လှည့်ဆင်းရင် အကုန်လုံးအတွင်းကြောင်းပဲ၊ လှိုင်းလွတ်တယ်လေ သားရဲ့ ...။

အဖေကြီး၏ ခရီးစဉ်ရှင်းလင်းချက်မှာ လမ်းကြောင်းမှန်နေသဖြင့် သားနှစ်ယောက်မှာ ငြိမ်နေလိုက်ကြသည် ။

* * * * * *

ရွှေမင်းသားစက်လှေကလေးကား ဆတ်ရိုးကျချောင်းရိုးအတိုင်း မောင်းထွက်လိုက်ပေပြီ။ ဆတ်ရိုးကျချောင်း၏ ဝဲယာတစ်လျှောက်မှာ ဌာနဆိုင်ရာ ရေယာဉ်များ ၊ ကုန်စည်ပို့ဆောင်နေကြသော လှေ၊ သမ္ဗာန်၊ သင်္ဘောများ ဖြင့် တင်းကျပ်ပြည့်နေသည် ။ သို့ဖြစ်၍ ဆတ်ရိုးကျချောင်းထဲမှ ထွက်သည် ဖြစ်စေ၊ ချောင်းထဲသို့ဝင်သည် ဖြစ်စေ ရေဆန်ဝင်ရသည် ။ သို့မှ သာ လှေကိုထိန်းအားရှိပြီး အတိုက်အဆောင့်အန္တရာယ်က လွတ်နိုင်သည် ။ ဆတ်ရိုးကျချောင်းမှာ ချောင်းကျဉ်းကလေးဖြစ်သဖြင့် သင်္ဘော၊ လှေ၊ သမ္ဗာန်များ အဝင်အထွက်တွင် လွန်စွာသတိထားမောင်းနှင်ကြရသည် ။

စက်လှေကလေးသည် စစ်တွေမြို့အား ဘေးတိုက်အနေအထားဖြင့် ရေဆန်ခံကာ မြစ်ဝဘက်သို့ ပြေးနေ၏။ မြို့ပြကမ်းနားလမ်းအဆုံး ပွိုင့်အနီးရောက်မှ လှည့်ပြီး ငပြီတက်ကျွန်းသောင်ကြီးကို လွတ်အောင်မောင်းရ၏။ အခြေအနေနှင့် အချိန်အခါကို သတိမထားဘဲ မောင်းကြသော လှေသမ္မန်များကို ငပြီတက်သောင်က ညှာတာလိမ့်မည်မဟုတ်ပေ။ ရေအောက်သို့ဆွဲနှစ်ပြီး သဲကျစ်ပစ်မည်မှာ အမှန်ပင်။ သဲသောင်ခုံကြီးလွတ်သည် နှင့် ဘီးချပ်ရေကြောကို ရအောင်ယူပြီး ပေါက်တောမြို့နယ် ကွဲကူးမြစ်ဘက်သို့ ဓားလွယ်ခုတ်ကလေး မောင်းပေးရ၏။ ဘီးချပ်တောင် တ    န   ်းမ  ၂၁ ခေါင်းဘီးကြီးကို            ထိုးစိုက်ထားသည့်အလား ကျောက်ချွန်ပြားပြားကြီးဖြင့် ကုလားတန်မြစ်အတွင်း တည်ရှိနေ၏။ ဘီးချပ်တောင်၏ နောက်ကျောမှာ ပွဲကြည့်တောင်က ပေါ်လာပြန်သည် ။

"အဲဒီ ပွဲကြည့်တောင်တန်းမှာ ပေ့ါ သားရယ်။ မင်းသားကြီးရွှေဘန်းဆိုတဲ့ မျိုးချစ်ရဲဘော်ကြီးကို သင်္ဂြိုဟ်ထားခဲ့ကြတာလေ"

"ကြားတော့ကြားဖူးတယ် အဖေရယ်။ သိပ်တိတိကျကျတော့ မသိဘူး"

"ဒီလိုကွဲ့၊ တို့ နိုင်ငံကို ပထမကျူးကျော်စစ်အပြီး အင်္ဂလိပ်တွေ သိမ်းပိုက်တဲ့ အချိန်မှာ ရခိုင်ဒေသက မင်းသားကြီးရွှေဘန်း၊ ဒေးဝန်အောင်ကျော်ရွှီ၊ မြို့သူကြီးအောင်ကျော်ဇံ စတဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေဟာ အင်္ဂလိပ်တို့ အုပ်ချုပ်တာကို လက်မခံဘဲ တော်လှန်ခဲ့ကြတယ်လေ"

"ဩော် .. ဟုတ်ကဲ့အဖေ"

"အဲဒီအချိန်မှာ အခြေအနေက အင်္ဂလိပ်တို့ က အုပ်ချုပ်သူလူတန်းစားဖြစ်နေပြီလေ။ လက်နက်ခဲယမ်းလည်း ရှိတယ်။ စစ်ပရိယာယ်လည်း ကျွမ်းကျင်တယ်။ အုပ်ချုပ်ပိုင်ခွင့်၊ စီရင်ပိုင်ခွင့်ကိုလ

ည်း ယူထားတယ်ဆိုတော့ သူတို့ ရဲ့ အုပ်ချုပ်မှုအောက်မှာ လှုပ်တဲ့ သူရန်သူပေါ့သားရယ်"

"ဟုတ်ကဲ့အဖေ"

စက်လှေကလေးများ ဘီးချပ်တောင်နှင့် ပွဲကြည့်တောင်တန်းများ အနီးသို့ တဖြည်းဖြည်း ပိုမိုနီးကပ်လာ၏။

"ဒီလိုနဲ့ တို့ မျိုးချစ်ပုဂ္ဂိုလ်ကြီးတွေဟာ ခရစ်နှစ် ၁၈၃၄ ခုနစ်မှာ အင်္ဂလိပ်တွေရဲ့ ဖမ်းဆီးခြင်းခံကြရပြီး အိန္ဒိယနိုင်ငံ ကာလကတ္တားထောင်မှာ အကျဉ်းချထားခြင်း ခံခဲ့ကြရတာပေါ့... သားရယ်"

"အဲဒီအချိန်မှာ မင်းသားကြီးရွှေဘန်းဟာ မိမိရဲ့ လက်မောင်းသွေးကိုမင်ရည်အဖြစ်အသုံးပြုပြီး မှာ တမ်းကဗျာတစ်ပုဒ်ကို ရေးခဲ့တယ်ကွဲ့..." "သွေးမော်ကွန်း"လို့ ခေါ်ကြတာပေါ့နော်။

မင်းသားအမှန်၊ ငါလျှင်ခြံက၊ နိုင်ငံရပ်စည်၊ ကိုယ့်တိုင်းပြည်တွက်ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌ ၊ ခန္ဓာရုပ်လောင်း၊ ဘဝပြောင်းလိမ့်။

ဖြစ်ကြောင်းသံသာ၊ သတ္တဝါတည်း၊ မှန်စွာမချွတ်၊ သူမသတ်လည်း ၊ မလွတ်တစ်ခါ၊ သေအံ့ရာတည့်၊ ကမ္ဘာမကြေ၊ ငါတို့ သေလည်း အသေမဆိုး ငါ့မြေထိုးက၊ အရိုးတစ်ခါ၊ တွန့်လိမ်ရာတည်း။

နောက်သားနောက်လူ၊ ရခိုင်သူရို့၊ အယူမပြောင်း၊ ငါ့လမ်းကြောင်းကို၊ ကောင်းကောင်း လိုက်နာ၊ တိုင်းဧည့်ာကို တစ်ခါမုချ၊ ငါတို့ ရအံ့။

လုံ့လရှေ့သန်၊ လူလျှင်ခြံဆ၊ အမှန်မချွတ်၊ လက်ဝါးခတ်သည့် ၊ စွဲမှတ်၍ စာ သေတမ်းတည်း။

"မှတ်သားစရာပဲ အဖေ"

ဆရာကြီး ဦးလွမ်းဝေမှာ အထက်တန်းကျောင်းသားဘဝကပင် ဝတ္ထု၊ ကဗျာများကို ဝါသနာအရ ရေးသားလာခဲ့သူဖြစ်သည် ။ ယခုလည်း အစဉ်မပြတ်ရေးသားပြီး မဂ္ဂဇင်း အစောင်စောင်သို့ ရေးသားပေးပို့နေဆဲဖြစ်သည် ။

"အဖေရယ် အင်္ဂလိပ်တွေ အုပ်ချုပ်တုန်းကဆို မြန်မာပြည်တစ်ဝန်းက တိုင်းရင်းသားတိုင်းဟာ အင်္ဂလိပ်တွေရဲ့ အုပ်ချုပ်ရေးကို အကုန်လုံး တော်လှန်ခဲ့ကြတာနော်"

"ဟုတ်တာပေါ့သားရယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသားတွေဟာ ရရာလက်နက်ကိုဆွဲပြီး တော်လှန်ခဲ့ကြတာနော်"

"ဟုတ်တာပေါ့သားရယ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသားတွေဟာ ရရာလက်နက်ကိုဆွဲပြီး တော်လှန်တိုက်ခိုက်ခဲ့ကြတာပဲလေ"

"ဟုတ်တယ်နော်အဖေ။ ရခိုင်အမျိုးသား ဆရာတော်ဦးဥတ္တမရဲ့ ရဲရဲတောက်မိန့်ခွန်းတွေဟာ ဒီနေ့အထိ ပြည်သူ့ရင်ဘတ်ထဲမှာ စွဲနေတာလေ"

"ဟုတ်တယ်သားရဲ့ '**ဘုရင်ခံ ကရက်ဒေါက် ဂက်ဒေါက်**' ဆိုတာ ဦးဥတ္တမပေါ့သားရယ်"

"ဦးဥတ္တမက ပြတ်တယ်နော်... အဖေ"

"ဒါတင်ဘယ်ကမလဲသားရယ်။ ဦးဥတ္တမဟာ လေးနက်တဲ့ စကားတစ်ခွန်းကိုလည်း ဂျူဗလီခန်းမမှာ မိန့်ကြားခဲ့သေးတယ်သားရဲ့ "

"ဘာများ လဲ အဖေရယ်"

"အတိတ်ကိုအရင်းခံ၊ ပစ္စုပ္ပန်ကို အရင်းပြု အနာဂတ်ကို ရည်မှန်းကြပါဆိုတာလေ"

"ဟာမှတ်သားဖို့ ကောင်းလိုက်တဲ့ စကားဗျာ"

ဆရာကြီးဦးလွမ်းဝေ၏ သားကြီးသိန်းမြင့်လှိုင်မှာ ပဲ့ကိုင်ရင်း မြန်မာ့တော်လှန်ရေးကာလ မှတ်သားလောက်သော အဖြစ်အပျက်များ နှင့် ရင်ထဲတွင် ကမ္ပည်းရိုက်နှိပ်ထားသင့်သည့် စကားစုများကို ကြားရစာ အရမ်းကျေနပ်နေမိသည် ။

စ က်လေ့ မှ ၁ ကုလားတန်မြစ်မှ ပေါက်တောမြို့နယ်အတွင်းရှိ ကျွဲကူးမြစ်ထဲ ဝင်လာပေပြီ။ စက်ဆရာက စက်ခန်းနားတွင် ထိုင်နေ၏။ မတင်ရွှေက စက်လှေမီးဖိုခန်းတွင် ထမင်းဟင်းချက်ရင်း အလုပ်များနေသည် ။

ဆရာကြီး ဦးလွမ်းဝေမှာ သားအကြီးက စီးပွားရေးကိုသာ လုပ်ချင်သည် ဟု တောင်းဆိုလာသဖြင့် စက်လှေကလေးတစ်စီး စီစဉ်ပေးထားခြင်းဖြစ်သည် ။ မိုးတွင်းဆို ဖြူးသားထင်းပိုင်းတွေ တင်ပြီး စစ်တွေတွင် သွားရောင်းသည် ။ ယခုလို နွေဆိုလျှင် ဓနိချပ်တွေ သွားရောင်းသည် ။ ယခုခရီးစဉ်မှာ ဆရာကြီး၏ ကျောင်းပိတ်ကာလဖြစ်၍ ကိုယ်တိုင်ကြီးကြပ်ပြီး လိုက်လာခြင်းဖြစ်သည် ။

"ထမင်းကျက်ပြီ၊ စားလို့ ရပြီ"

မတင်ရွှေက အသိပေးလိုက်၏။ မတင်ရွှေမှာ ဆရာကြီး၏ အိမ်နီးချင်ဖြစ်သည့်အပြင် တပည့်လည်း ဖြစ်သည် ။ စစ်တွေက ဟင်းသီးဟင်းရွက်များကို ဝယ်ယူပြီး ရွာတွင် ရောင်းသည် ။ ကျွန်းစဉ်ဒေသမှာ မြေပြန့်လွင်ပြင်နည်းသော ဒေသဖြစ်၍ ဟင်းသီးဟင်းရွက် ရှားပါးသည် ။ စစ်တွေ၊ ကျောက်ဖြူ၊ မင်းပြား၊ အမ်းမြို့နယ်

ဒလက်ချောင်းစသောနေရာများမှ ဝယ်ယူရောင်းချကြသည် ။

ဆရာကြီးဦးလွမ်းဝေ၊ သားလေးညွန့်လွင်မိုး၊ စက်ဆရာခင်မောင်သန်းနှင့် မတင်ရွှေတို့ စက်လှေပေါင်းမိုးအောက်တွင် ထမင်းဝိုင်းဖွဲ့စားလိုက်ကြသည် ။

"ခုလို မြစ်ထဲချောင်းထဲမှာ ခရီးသွားရင်း ထမင်းစားရတာ မြိန်တယ်ဗျာ။ မတင်ရွှေက ဘယ်ဆိုးလို့ တုန်း၊ ထမင်းဟင်း ကောင်းကောင်း ချက်တတ်တာပဲ"

"အမေအိုနဲ့ နေရတာဆိုတော့ ကြိုးစားပြီး ဖြစ်အောင်လုပ်ရတာပေါ့ ဆရာကြီးရယ်"

ပေါက်တောမြို့အနီးက စီးဆင်းနေသော ကျွဲကူးမြစ်မှာ ရေစီးကသန်သည် ။ စက်လှေကလေးကတော့ လှိုင်းအိကလေးများကို ဖိနင်းပြီး ပြေးမြဲပြေးနေသည် ။

"သားကြီး... သွား... သွား ထမင်းစားလိုက်တော့၊ ညီညီက တစ်လှည့်ပဲ့ကိုင်ပေးလိုက်ပါ"

ဦးလွမ်းဝေ ထမင်းစားပြီးချိန်တွင် သားနှစ်ယောက်ကို တာဝန်တစ်လှည့်စီ ထမ်းယူစေလိုက်၏။ စက်လှေမှာ မင်းပြားမြို့နယ်ရှိ ခေါင်းလောင်းချောင်းကိုလွန်ပြီး ငသတစ်ပေါက်နား ရောက်လာ၏။

"ဟာ အဖေကြီး မင်းပြားကြပ်စင်မော်ကို ရေမမီလောက်တော့ဘူး၊ ရေကျ လာပြီ"

သားငယ် ညီညီက ပဲ့ကိုင်ရင်းပြောလိုက်၏။

"ကြပ်စင်မမီရင် ရေဆန်တိုးလည်း ခရီးတွင် မှာ မဟုတ်ဘူး ။ ငသတစ်ပေါက်ကပဲ လှည့်ဆင်းတော့ကွာ"

မင်းပြားမြို့အနီးမှ စီးဆင်းနေသော လေးမြို့မြစ် (ရာမောင်မြစ်)မှာ ရေစီးသန်ပြီး သဲသောင်ပေါလွန်းသဖြင့် ရေကျသွားလျှင် ဆန်တက်ရင်း တက်ရင်းနှင့် ရေခန်း လာပြီး သောင်တွင် တင်လှေ့ရှိကြသည် ။ သို့ဖြစ်၍ တော်ရုံနှင့် မင်းပြားမြစ်ကို ရေဆန်မတက်ကြပေ။

သားငယ်ညွန့်လွင်မိုးသည် စက်လှေကို သေတစ်ပေါက်ချင်းကျဉ်းက လေးဘက်သို့ လှည့်ပေးလိုက်ရာ ရေစုန်မို့ စက်လှေလေးမှာ ပြေးအားပိုသန်သွားသည် ။ သေတစ်ပေါက်မှာ ယခင်က စစ်တွေမှ ထွက်လာသော ကျွန်းပတ်သင်္ဘောများ မြေပုံ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ တောင်ကုတ်၊ သံတွဲ၊ မာန်အောင်မြို့များ သို့ သွားရာတွင် ဖြတ်ကျော်ရသော ဖြတ်လမ်းချောင်းကျဉ်းကလေးပင် ဖြစ်သည် ။ ယခုအခါ တိမ်ကောသွားပြီဖြစ်သဖြင့် သင်္ဘောကြီးများ မသွားနိုင်တော့ပေ။ ဒီရေပြည့်ချိန်များ တွင် သာ လှေသမ္ဗန်ကလေးများ သွားလာကြတော့သည် ။

သေတစ်ပေါက် ချောင်းကျဉ်းကလေးမှ ထွက်လိုက်သည် ဆိုလျှင် ဒီရေကျချိန်မို့ ကြပ်စင်မြစ်ရေသည် ဝါးလုံးထိုး စီးဆင်းနေပေတော့သည် ။ မင်းပြားမြို့နယ် ခမောင်းတောရွာလွန်သည် နှင့် ဆရာကြီးဦးလွမ်းဝေတို့ မြေပုံမြို့နယ်သို့ ဝင်လာခဲ့တော့သည် ။ ရွှေမင်းသားစက်လှေကလေးမှာ လည်း ပြေးအားပိုကောင်းသွားသည် ။ ကန်သာပြွန်ဝသို့ အရောက်တွင် တောင်လေပြင်းပြင်း တိုက်ခတ်လာသလို မိုးကပါ သည်းသည်းမဲမဲ ရွာချလာသည် ။ ဘာဆိုဘာမျှ မမြင်ရတော့။ လေရောမိုးရော သောသောညံခဲ့လေပြီ။

"ရှေ့ဆက်သွားလို့ ဖြစ်ပါ့မလား အဖေရယ်၊ လေကပင်လယ်ဝက တိုက်နေတာနော်"

"ရပါတယ်သားရယ်၊ သွားရင်းနဲ့ မိုးရောလေရော ရပ်သွားမှာ ပါ၊ ပင်

လယ်ပြင်ဘက်ပဲ ဦးတည်ပေးပါ"

အဖေကြီးစကားကြောင့် သားငယ်က စက်လှေကို ပင်လယ်ပြင်ဘက်သို့ ဦးတည်ပေးလိုက်၏။ စက်လှေမှာ ပင်လယ်ပြင်ဘက်သို့ ဦးတည်ပြီးပြေးနေသည် ။ လက်ယာဘက်တွင် ပြက်မကျွန်း သဲခုံကြီး၊ လက်ဝဲဘက်တွင် မြေပုံမြို့တည်ရှိရာ ကြပ်စင်ကျွန်းဖျားသို့ ရောက်လာခဲ့သည် ။ ပင်လယ်ဝမို့ ပင်လယ်လှိုင်းလုံးကြီးများ လိမ့်ဝင်လာသည် ။ စက်လှေကလေးမှာ ဗြောင်းဆန်အောင် လှိမ့်ခါနေ၏။

ဆရာကြီးဦးလွမ်းဝေတို့ မှာ ဒီရေအကျနှင့် ပင်လယ်လေတို့ လက်ခုပ်လက်ဝါးရင်ဆိုင်ရိုက်နေကြရာ လှိုင်းရိုက်အားကပြင်းပြီး လှိုင်းလုံးကြီးများ အဖြစ် မြစ်ရေပြင်ကို ဗလောင်ဆူစေသည် ။ နေညိုချိန်ကလည်း ရောက်လာခဲ့ပေပြီ။ မိုးကမစဲသလို လေကလည်း တိုက်နေဆဲ။

"ဖြစ်ပါ့မလား အဖေရယ်။ မိုးရောလေရော မစဲဘူးနော်"

"လှိုင်းကြီးလှေအောက်ပဲကွာ၊ ဆက်သာမောင်း၊ မနက်ဖြန်ကျောင်းဖွင့်ရမှာ ၊ အဖေကြီးဒီညရွာမရောက်လို့ မဖြစ်ဘူး"

ဦးလွမ်းဝေမှာ ဌာနတာဝန်က ထိပ်ပေါ်ရောက်နေခဲ့ပြီမို့ စွန့်စားနေသည် ဟု ဆိုက မမှားနိုင်ပေ။

သားကြီးက လှေဦးကို ပင်လယ်ပြင်ဘက်သို့ ဦးလှည့်ပေးလိုက်သည် ။ ကြယ်စင်ကျွန်း ရှောက်ခွေတောင်မော်လွန်သည် နှင့် စက်လှေကလေးမှာ ပင်လယ်ပြင်ထဲ လုံးလုံးရောက်သွားခဲ့ပေတော့သည် ။

"ဟော အဖေရယ် မိုးနဲ့ ဘာမှ မမြင်ရတော့ဘူး။ ဘယ်ဘက်မောင်းရမလဲဟင်"

"သားရယ် ဘာမှ ကြောက်မနေနဲ့ ၊ ဒီအတိုင်းသာ မောင်းထား"

"ခြောက်လံသာသာ စက်လှေကလေးမှာ လှိုင်းကမ္ဘာကြီးကြားတွင် ဘောင်ဘင်ခတ်နေ၏။ ဆန်ကောထဲက ဆီးဖြူသီးနှင့်ဘာမျှမခြား၊ အပေါ်သို့မြောက်တင်လိုက်၊ အောက်သို့ပစ်ချလိုက်နှင့် စက်လှေကလေးမှာ မရှုမလှ ခံနေရသည် ။ မချည်မနှောင်ဘဲ တည်ထားသော ပစ္စည်းများ တဒုန်းဒုန်း တဂွမ်းဂွမ်း လဲပြိုဆင်းနေကြသည် ။

"သားလေးရယ် လှေဦးကနေ ရေအတိမ်အနက်ကို ထိုးဝါးထိုးစမ်းပေးပါ"

ဆရာကြီးဦးလွမ်းဝေ သားငယ်ကို သတိပေးလိုက်၏။ သားငယ်က ဦးဖျားသို့ပြေးထွက်ပြီး ပင်လယ်ရေပြင်ထဲသို့ ထိုးဝါးကို ထိုးချလိုက်သည် ။ သားငယ်က ကိုကြီးဆီသို့ ရေအတိမ်အနက်ကို အော်ဟစ်ပြီး သတင်းပေးလိုက်၏။ သို့သော် လှိုင်းသံလေသံကြောင့် သဲသဲကွဲကွဲမကြားရ။ ဦးလွမ်းဝေက လှေနံကိုတွယ်ချိတ်ပြီး ဦးဖျားရှိ သားငယ်ဆီသို့ ခက်ခက်ခဲခဲသွားလိုက်သည် ။ သားငယ်ဆီက သတင်းယူပြီး လှေပဲ့ပိုင်ရှိ ပဲ့ကိုင်သားကြီးဆီသို့ ခက်ခက်ခဲခဲ လျှောက်လာပြန်၏။ ဦးလွမ်းဝေတို့ သားအဖေတစ်တွေမှာ လှိုင်းပင်လယ်ထဲ၌ တကယ်စွန့်စားခန်းကြီးပင်။ တစ်ချက်သတိလစ်လျှင် အသက်ဇီဝိန်ချုပ်ပြီး မျိုးပြုတ်သွားနိုင်သည် ။

"သားကြီးရေ… (၄)တောင် (၄)တောင်တဲ့ ၊ ရေတိမ်ပိုင်းရောက်နေပြီ ။ ပင်လယ်ပြင်ဘက် လှေဦးလှည့်ပေး၊ သောင်နဲ့ ထုရိုက်မိရင် လှေကွဲသွားလိမ့်မယ်။ သိပ်အရေးကြီးနေပြီနော်။ လှည့်ပေးလှည့်ပေး ပင်လယ်ဝဘက်လှည့်ပေးနော်… သားကြီး"

အဖေကြီး ဦးလွမ်းဝေ၏ အသံမှာ လည်း အမောကြားက ပြောနေရသည် မို့ ပီပီသသတောင် မထွက်နိုင်တော့ချေ။

ပဲ့ကိုင်သားကြီးက ပင်လယ်ပြင်ဘက်သို့ လှေဦးကို လှည့်ပေးလိုက်ပြ

န်သည် ။ သို့သော် အရပ်ရှစ်မျက်နှာပိန်းပိတ်။ ဘယ်ဟာပင်လယ်၊ ဘယ်ဟာ ကမ်းစပ်ဟူ၍ မှန်းဆမရ။ လက်ယာဘက်သို့ ထိုးလှည့်ပေးခြင်းသည် ပင်လယ်ရေနက်ပိုင်းဟူ၍ ခန့်မှန်းပြီး ရေအတိမ်အနက် သတင်းယူလိုက်၊ သားကြီးဆီသွားပြီး သတင်းပို့လိုက်နှင့် လှေနံဘေးကိုတွယ်ချိတ်ပြီး အပြောင်းပြောင်း အပြန်ပြန် သွားနေရ၏။ စက်လှေပေါ်မှ လွင့်စဉ်မသွားအောင် ကြက်တူရွေးချိတ်ချိတ်ကာ သွားနေရသည် ။ စက်ဆရာခင်မောင်သန်းက ပုံမှန်မောင်းထားပြီး လှေဝမ်းထဲမှ ရေများကို မနားတမ်း ပက်ထုတ်နေရသည် ။ မတင်ရွှေမှာ အစကမီးဖိုချောင်တွင် ကြောက်ကြောက်လန့်လန့် ကုတ်နေ၏။ လှေထဲသို့ ရေတွေ ဒလဟောပြေးဆင်းပြီး ခင်မောင်သန်းနှင့်အတူ ဝင်ကူပြီး ရေပုံးဖြင့် ရေများကို တရစပ် ပက်ထုတ်လိုက်သည် ။

"သားကြီးရေ... ငါးတောင်ငါးတောင် ရှိ လာပြီ၊ ပင်လယ်ဝဘက် နည်းနည်းလှည့်ချပေးဦး"

ဟံတာပင်လယ်ပြင်အလယ်တည့်တည့်တွင် သံမသကျောက်ပုံဆိုသည် ရှိ၏။ ရေစစ်ချိန်များ တွင် ကျောက်ပုံပတ်ဝန်းကျင်တစ်ခုလုံးသည် ရေတိမ်ပိုင်း သဲသောင်ပြင်ကြီး ဖြစ်နေသည် ။ လှိုင်းကြီးနေချိန်များ တွင် လှေများ သဲသောင်တွင် လှိုင်းရိုက်ခံရလျှင် လုံးဝဥဿုံ ကွဲထွက်သွားနိုင်သည် ။ သို့ဖြစ်၍ ပင်လယ်သည် ကျယ်သည် နက်သည် မှန်သော်လည်း အန္တရာယ်ကလွတ်ရေးအတွက် ပင်လယ်ပြင်ထဲ ဆင်းမောင်းနေရခြင်းဖြစ်သည် ။

ဟံတား (HUNTER) ပင်လယ်မှာ ဘင်္ဂလားပင်လယ်ပြင်ကြီးမှ ပေါက်တောမြို့နယ်နှင့် မြေပုံမြို့နယ်အကြား ကမ်းခြေပိုင်းသို့ တိုးဝင်နေသော လေဆင်လှိုင်းကြမ်း ပင်လယ်ခရီးလမ်းဖြစ်သည် ။

သားကြီးက စိတ်ကိုခိုင်ခိုင်ထားပြီး ပင်လယ်ပြင်ထဲ လှေဦးကို ထိုးပေးထား၏။ စက်လှေကလေးကို လှိုင်းလုံးကြီးများ ဝါးမျိုခြင်းမခံရအောင် လှိုင်းကိုလည်တင်ခံပြီး မောင်းပေးထားသည် ။ သားငယ်က လှေဦးတွင် ခြေကုတ်မြဲမြဲယူပြီး သူ့အား လှုပ်ခါချနေသော လှိုင်းသရမ်းတို့ ရန်ကို ရင်ဆိုင်ကာ ရေအတိမ်အနက်ကို ထိုးဝါးဖြင့် ထိုးစမ်းကာ သတင်းပေးနေ၏။ အဖေကြီးက ဦးပိုင်းပြေးလိုက်၊ ပဲ့ပိုင်းပြေးလိုက်ဖြင့် သားနှစ်ယောက်ကြားတွင် သတင်းပေးသတင်းယူလုပ်နေ၏။ စက်ဆရာနှင့် မတင်ရွှေတို့ ကလည်း အားကုန်ညှစ်ပြီး ရေပက်ထုတ်နေကြ၏။ မတင်ရွှေမှာ မိန်းကလေးပေမယ့် ရေပက်ထုတ်ခြင်းကို လုံးဝမရပ်။ စိတ်ကိုခိုင်ခိုင်ထားပြီး သဘာဝဘေးရန်ကို ရင်ဆိုင်နေ၏။ အာဂသတ္တိခဲမလေးပင်။

လှိုင်းလုံးကြီးများမှာ မည်သည့်ဘက်ကဟူ၍ အမည်ဖော်ပြ၍ မရ။ ဘေးဘယ်ညာတို့ မှ ရသလို ဝိုင်းရိုက်နေကြသည် ။ တစ်ချီတစ်ချီ စက်လှေကလေးကို မိုးပေါ်သို့ မြှောက်တင်ပစ်လိုက်သည် ။ အမြင့်ဆုံးလှိုင်းညွန့်ဖျားရောက်ချိန်တွင် လှိုင်းလုံးကြီးများ အောက်ခြေသို့ ရောက်အောင်အထိ ပစ်ချခံလိုက်ရပြန်သည် ။

ဆရာကြီးဦးလွမ်းတို့ သားအဖတွေမှာ ဟံတာပင်လယ်ရေပြင်ထဲမှာ လေပြင်းဒဏ် လှိုင်းရိုက်ဒဏ်ခံနေရသည် မှာ နေ့လည် (၁၂) နာရီဝန်းကျင်ကပင် ညနေ(၃) နာရီ ပတ်ဝန်းကျင်ထိ အချိန်ရောက်လာခဲ့လေပြီ။ လှေပေါ်ပါခရီးသည် (၅)ယောက်စလုံးမှာ တဒင်္ဂဖြစ်ပျက်မှု သဘာဝအန္တရာယ်ကြောင့် မိနစ်ပိုင်းအတွင်း လှေငယ်စုံးစုံးမြုပ်ပြီး အသက်ဇီဝိန် ချုပ်သွားနိုင်သည် ။ လောကခံလှိုင်းတံပိုးကြားက ခရီးသွား (၅)ယောက်တို့၏ မျက်နှာပြင် အသီးသီးမှာ စိုးရိမ်စိတ်၊ ကြောက်ရွံ့စိတ်တို့ သည် အပြည့်အနှံ့ နေရာယူနေကြ၏။

လှိုင်းတံပိုးတို့ ကလည်း သူတို့ သတ်ကွင်းထဲရောက်နေကြပြီဟု ပဲ ခံယူထားကြလေသလားမသိ။ မညှာမတာ ဖိရိုက်ကြ၏။ လှုပ်ခါချကြ၏။ သို့သော် ဆရာကြီးဦးလွမ်းဝေမှာ (၁၀)တန်းမအောင်မီကာလကပင် လှိုင်းသရမ်း စီးချင်းထိုးပြီး ပင်လယ်ပြင်ထဲ ပိုက်ချငါးရှာ လုပ်ခဲ့ဖူးသူမို့ သတိကို ခေါင်းပေါ်တင်ထား၏။ လေအလာ ရေအကဲအလဲကိုကြည့်ပြီး သားနှစ်ယောက်ကို သတိပေး၏။ လမ်းညွှန်၏။

"ခြောက်တောင်ဆိုတော်ပြီသားရေ. . . ဒီအတိုင်းပဲ ပုံမှန်မောင်းထား "

ပင်လယ်ပြင်ခရီးသွား လှေသမားများမှာ ဝါးလုံးရှည်မာမာကျစ်ကျစ်များကို ရွေးပြီး မိမိလှေ၏ ရေစူးနှင့်ချိန်ဆလျက် အရစ်လုပ်ကာ ဆေးရောင်သုတ်ထားကြသည် ။ ရေအတိမ်အနက်တိုင်းရာတွင် အလွယ်တကူ အဖြေထုတ်နိုင်ရန်အတွက်ပင်ဖြစ်သည် ။

"သမီးလေးမတင်ရွှေ. . . ဘာမှ မကြောက်နဲ့ တော့နော်။ ပုံမှန်ဖြစ်သွားပြီ၊ ဒီထက်ထူးမလာနိုင်တော့ဘူး သိလား"

"ရတယ်ဆရာကြီး၊ ဒီလိုအခြေအနေမျိုးမှာ ကြောက်နေလို့ ကောရမှာ လား"

မတင်ရွှေက ရေပက်ထုတ်နေရာမှ ရဲရဲတင်းတင်း ပြန်ပြောလိုက်၏။ ဆရာကြီးဦးလွမ်းဝေသည် မတင်ရွှေ၏ စိတ်ဓာတ်နှင့်လုပ်ရပ်ကို ကျိတ်ပြီးချီးမွမ်းလိုက်သည် ။ မိုးသည်းလေထန် ပင်လယ်ပြင်ကျယ်ကြီးထဲတွင် စက်လှေကလေးတစ်စီးဖြင့် လူသားငါးယောက်မှာ လှိုင်းသရမ်းများ နှင့် စီးချင်းထိုးဆဲ ပွဲကြမ်းဆဲ။

"သားကြီး လှိုင်းကို ဘေးမခံနဲ့ နော်၊ လည်တင်ကလေး ခံပေးထား"

"ဟုတ်ကဲ့အဖေ. . . သားကြိုးစားပြီး ထိန်းပေးနေပါတယ်"

ဆရာကြီးဦးလွှမ်းဝေမှာ ဆယ်တန်းမအောင်မီကာလက မိသားစုအတွက် နောင်တော်မြစ်ပင်လယ်၌ ပိုက်လှေနဲ့ လည်း လိုက်ခဲ့သည် ။ မျှားလှေနဲ့ လည်း ရှန်းခဲ့သည် ။ လှိုင်းသရမ်းများ နှင့် နပန်းလုံးခဲ့ပေါင်းများပြီ။ လှိုင်းအခြေအနေ၊ လေအနေအထားကို သဘောပေါက်ပြီးသားဖြစ်သည် ။

"အဖေကြီး. . . လေရောမိုးရော အားနည်းသွားပြီ"

"ဟောဟိုမှာ . . . လက်ဝဲဘက်က မှိုင်းပျပျမြင်လာရတာ ကွမ်းချောင်းတောင်ကြီးမဟုတ်လား"

"ဟုတ်တယ်. . .ဟုတ်တယ်၊ ကွမ်းချောင်းတောင်ပဲ၊ တို့ လှေရောက်နေတာနဲ့ လောင်းဒရိတ်မြစ်ကြောင်းဘက် လှည့်ဝင်ဖို့ အဆင်သင့်ပဲ"

ဟော ဗြုန်းဆို မိုးစဲသွားလေပြီ။ ပင်လယ်ပြင်ကြီး တစ်ခုလုံး လင်းခနဲ ဖြစ်သွားသည် ။ လေတိုက်ခတ်နှုန်းလျော့သွားသလိုပဲ လှိုင်းကလည်း မာန်လျှော့သွားသည် ။ သဘာဝတရား၏ ပြောင်းလဲပုံ မြန်ဆန်မှုမှာ အံ့သြစရာလည်း ကောင်းနေပေသည် ။ လူသားငါးယောက်တို့ ပင်လယ်ပြင် စီးချင်းထိုးပွဲအတွက် အောင်ပွဲခံယူလိုက်ကြပေပြီ။ လုပ်ငန်းရပ်တစ်ခု အောင်မြင်ရေးတွင် စိတ်ဓာတ်သည် လွန်စွာအရေးကြီးကြောင်း သက်သေပြလိုက်နိုင်ကြပေပြီ။

"သားကြီးရေ ကွမ်းချောင်းတောင်ဘက် လှည့်မောင်းတော့ကွာ"

"ရပြီ. . . အေးအေးဆေးဆေးပဲ"

သားကြီးက လှေကို ဦးလှည့်ပေးလိုက်သည် ။ အနောက်ဘက်ဆီက နေရောင်ခြည် မှိန်လဲ့လဲ့က ဦးလွှမ်းဝေတို့ ကို လမ်းပြပေးနေသယောင်

ရှိချေ၏။

သားကြားဖူးတာက ဒီဟံတာပင်လယ်ကိုဖြတ်ရင် "ညနေလေချို တောင်ညိုမလှည့်လေနဲ့၊ သည် လိုကြားဖူးတယ်၊ ဟုတ်လားအဖေ"

"ဟုတ်တာပေါ့သားရယ်၊ ဒီပင်လယ်ရဲ့ ကမ်းခြေမှာ တောင်ညိုတောင်တန်းဆိုတာ ရှိတယ်လေ။ ညနေချိန်များ ဆို ပင်လယ်က ဗျာပါဒလှိုင်း (ညနေ ဒီရေစစ်ချိန်များ တွင် ရိုက်ခတ်တတ်သော တစ်ဘက်ရိုက်ဘေးလှိုင်း) တွေ ဘေးတီးပြီး ရိုက်လိုက်ရင် လှေတွေတိမ်းမှောက်တတ်လို့ လှေသမားတွေ အတွေ့အကြုံအရ ပြောစမှတ်ပြုခဲ့တဲ့ စကားတွေပေါ့ကွယ်"

ရွှေမင်းသား စက်လှေကလေးသည် ပင်လယ်ပြင်လှိုင်းတောထဲတွင် တစ်နေကုန် တိုက်ပွဲဆင်ပြီး အောင်နိုင်သူကြီးအဖြစ် ပွဲပြန်မော့မော့ ဖြစ်နေခဲ့ချေပြီ။ ကွမ်းချောင်းတောင်တန်းကြီးနှင့် တောင်ညိုတောင်တန်းကြား လောင်းဒရိတ်မြစ်ဝဘက်သို့ ဦးတည်ပြေးလွှားနေ၏။

"ကဲ သားရေ. . . ကညင်ပင်ကြီး ရေဆိပ်ရောက်ပြီ၊ ခဏလောက် ရေစောင့်မယ်၊ ရေတက်မှ ခရီးဆက်ကြတာပေါ့"

လှေအသွားနှုန်း ရပ်သွားချိန်တွင် သားငယ်က ကျောက်ဆူးကို ပစ်ချလိုက်၏။ ကျောက်ဆူးကြိုးကို အနေတော်လေး လွှတ်ပေးပြီး ကျောက်ဆူးချည်တိုင် ကန့်လန့်တွင် ကြိုးကိုချည်ထားလိုက်၏။

"ကဲတို့ တွေအကုန်လုံးပဲ ကိုယ့်နေရာလေးနဲ့ ကိုယ် တာဝန်ကျေကျေပွန်ပွန် လုပ်လိုက်ကြတော့ ဘေးမသီရန်မခဘဲ ရောက်လာခဲ့ကြပြီ၊ တို့ သုံးနာရီလောက် တိုက်ပွဲဆင်လိုက်ရတာပေါ့နော်"

မျက်နှာပြင်အသီးသီးတွင် မှု အမောကြားက အပြုံးမြမြလေးများ ထင်ဟပ်နေကြ၏။

"လူကတော့ မသေဘူး ဆရာကြီးရယ်။ ညနေစာ ဘယ်လိုလုပ်ကြမလဲ၊ မီးလည်း မရှိတော့ဘူး။ ချက်စရာနေရာလည်း မရှိဘူး"

မတင်ရွှေက သူဆက်လက်ဆောင်ရွက်ရမည့်တာဝန်ကို စိုးရိမ်စိတ်နှင့် ပြောပြလိုက်၏။

"ဒါကတော့ သမီးရယ်၊ ဒီနားကမ်းခြေမှာ ပိုက်တဲတွေရှိတယ်။ သူတို့ဆီ အကူအညီတောင်းရမှာ ပဲ"

"ဟိုမှာ အဖေ. . . ပိုက်လှေတွေ ပိုက်ဖော်ထွက်လာကြပြီ"

ကွမ်းချောင်းတောင်ခြေ ဆင်ကျပ်ချောင်းဝထဲသို့ လှမ်းကြည့်လိုက်ကြ၏။ ဒီရေစစ်ချိန်နီးပြီမို့ ပိုက်ဖော်လှေများ အစီအရီ ထွက်လာကြသည် ။ လှေစီးခရီးသည် (၅)ဦးမှာ တီးလုံးတိုက်စရာမလိုဘဲ ပိုက်ဖော်လှေကလေးများကို အားကိုးမျက်ဝန်းများ နှင့် ပြိုင်တူကြည့်မိရက်သား ဖြစ်နေကြ၏။

"ဟာ ဟိုမှာ အဖေ၊ ရှေ့ဆုံးက လှေမှာ စံရွှေသာ မဟုတ်ဘူး လား"

"ဟင် ဟုတ်တယ်. . . ဟုတ်တယ်။ ဒီကောင် ဘယ်လိုလုပ် ဒီနေရာရောက်နေတာလဲ"

ကိုကြီးနဲ့ ညီညီတို့ ဆီက အသံများ ရှေ့ဆင့်နောက်ဆင့် ထွက်သွားကြသည် ။

"ဟေး. . . စံရွှေသာ"

"ဟာ ညွန့်လွင်မိုးပါလား"

"ဟုတ်တယ်လေကွာ"

ညီညီနှင့် စံရွှေသာတို့ မှာ ငယ်သူငယ်ချင်းများ ပီပီ အော်ဟစ်နှုတ်ဆက်လိုက်ကြ၏။ စံရွှေသာသည် လှေကလေးကို စက်လှေဆီသို့ လှော်လာ၏။

"ဟာ. . . ဆရာကြီးလည်း ပါလာတာကိုး"

"ဟုတ်တယ်"

ဒါနဲ့ နေပါဦး၊ မောင်စံရွှေသာ သားကဒီနေရာ ဘယ်လိုလုပ်ရောက်နေရတာလဲ"

"ဒီလိုပါ ဆရာကြီး သားဦးလေးနဲ့ အဒေါ်က လယ်တွေလည်း စပါးမရတာနဲ့ ဒီဘက် လာပြီး ဂျွမ်းပြန်ပိုက်ချနေကြတာပါ။ အဲဒါဦးလေးတို့သွားတဲ့ နေရာ သားလည်း လိုက်ပါနေရတာပေါ့ ဆရာကြီးရာ။

"အေးကွာ အေး. . . အေး၊ ဘဝဆိုတာ ဒီလိုပဲပေါ့ကွာ။ ပတ်ဝန်းကျင်အခြေအနေအရ အရောင်ပြောင်းလဲရတာပေါ့နော်"

"ဟုတ်ကဲ့ ဆရာကြီး"

စံရွှေသာမှာ မိဘများ မရှိကြတော့ပေ။ စံရွှေသာငယ်ငယ်ကတည်းက ဆုံးပါးသွားခဲ့ကြသည် ။ ဦးလေးနှင့် အဒေါ်တို့ ၏ ပညာသင်ပေးမှုကြောင့် သရက်တောင်ရွာ အလယ်တန်းကျောင်းတွင် ညွှန့်လွင်မိုးနှင့်အတူ (၈)တန်းအောင်သည် ထိ ပညာသင်ကြားခဲ့သည် ။ ညွှန့်လွင်မိုးမှာ ပညာဆက်လက်သင်ကြားခဲ့ရာ ခုအချိန်တွင် ဘူမိဗေဒအဓိကဖြင့် ဒဂုံတက္ကသိုလ်တွင် ပညာသင်ကြားနေဆဲပင်။ ကျောင်းပိတ်ချိန် အိမ်ပြန်ရောက်တိုင်း အစ်ကိုကြီးဖြစ်သူကို ကူညီပြီး စက်လှေလိုက်နေခဲ့သည် ။ သည် တစ်ခေါက်တွင် ဆရာကြီးလည်း ကျောင်းအားချိန်မို့ သား

အဖသုံးယောက် အတူလိုက်ခဲ့ကြသည် ။ စံရွှေသာမှာ (၈)တန်းအောင်က တည်းက ဦးလေး အဒေါ်တို့ နှင့်အတူ ရွာပြောင်းသွားခဲ့သည် ။ ခုမမျှော် လင့်သော ပင်လယ်ကမ်းခြေ တစ်နေရာ၌ လာရောက်တွေ့ဆုံခဲ့ရာ ရင် ဘတ်အသီးသီးတွင် ပျော်ရွှင်မှုများ ဖြာဝေသွားကြသည် ။

"ဩော် ဒါနဲ့ ဆရာကြီး ကျွန်တော်ပိုက်သွားဖော်လိုက်ပါဦးမယ် ရေမှီ ဖို့ လိုတယ်။ ပိုက်ဖော်ပြီး ပြန်လာခဲ့ပါ့မယ်။ မကြာပါဘူး။"

ဆရာကြီး ခေါင်းညိတ်လိုက်၏။ စံရွှေသာ ပိုက်ဖော်လှေကလေးကို လှော်ပြီး မြစ်လယ်ပိုက်တန်းသို့ လှော်ထွက်ခဲ့လေပြီ။

သိပ်တောင်မကြာ စံရွှေသာလှေကလေးဖြင့် ပြန်လှော်လာ၏။

"ဆရာကြီးတို့ ကို ဟင်းစားပေးခဲ့မယ်။ ဒီမှာ ပုစွန်တွေကော ပြည်ကြီးငါးတွေကော ပါလာတယ်။ ထည့်စရာပေးစမ်းပါ ညွှန့်လွင်မိုး၊ ငါဝမ်းသာလိုက်တာကွာ"

"သူငယ်ချင်း ဒီမှာ ကြည့် တို့ ဖြစ်လာတဲ့ ဘဝကို အဝတ်တွေအကုန် ရေစို၊ မီးလည်း မရှိ၊ ဟင်းချက်စရာနေရာလည်း မရှိဘူး"

ညွှန့်လွင်မိုး စက်လှေအခြေအနေ မိမိတို့ ၏ ဖြစ်ပျက်ခဲ့ပုံကို ပြောပြ လိုက်၏။

"ဟာ ဟုတ်ပါရဲ့ ကွာ၊ ဒါဆို ညွှန့်လွင်မိုး ခုနက မိုးသက်လေပြင်းတို က်တာမှာ မိလာကြတာပေ့ါ ဟုတ်လား"

"ဟာ စိတ်မကောင်းစရာပဲကွာ။ ဒါဖြင့် လာ လာ တို့ တဲမှာ ထမင်း ဟင်းချက်လိုက်မယ်၊ ဆရာကြီးတို့ လည်း ကမ်းကိုလိုက်ခဲ့ကြပါ"

"ကဲ သားတို့ ပဲ လိုက်သွားကြ။ အဖေကြီး လှေစောင့်ကျန်ခဲ့မယ်။ အ ဖေကြီးမှာ ရေမစိုတဲ့ ပုဆိုးလည်း အိတ်ထဲကျန်သေးတယ်။ လဲလို့ ရတ

ယ်"

"အဖေကြီးပဲ လိုက်သွားပါ၊ အဖေကြီး အရမ်းပင်ပန်းနေပြီ။ ကမ်းတက်ပြီး နည်းနည်းပါးပါး အနားယူလိုက်ပါ။ သားမှာ လည်း အိတ်ထဲမှာ ပုဆိုးတွေ ရေမစိုဘူး"

ဆရာကြီးဦးလွမ်းဝေမှာ သားကြီးကို လှေစောင့်ထားပြီး ပိုက်ဖော်လှေကလေးဖြင့် ကမ်းသို့လိုက်သွား၏။ စံရွှေသာမှာ မိမိ၏ငယ်ဆရာကြီး ဦးလွမ်းဝေ၊ သူငယ်ချင်းညွန့်လွင်မိုး၊ မတင်ရွှေတို့ နှင့်တွေ့လိုက်ရာ ကိုယ့်ရပ်ကိုယ့်ရွာသားတွေမို့ ပျော်မဆုံးဖြစ်နေခဲ့သည် ။ စံရွှေသာ၏ အဒေါ်ကလည်း ချက်၏။ ပြုတ်၏။ စီမံ၏။

သိပ်တောင်မကြာ ထမင်းဟင်းချက်ပြုတ်မှုကိစ္စ ပြီးစီးသွားသည် ။ ချက်ချင်းရူးခပ်ပေးပြီး တည်ခင်းဧည့်ခံလိုက်၏။

"စားပါဆရာကြီး၊ ဒါကပြည်ကြီးငါးတွေ၊ နနွင်းလေးနည်းနည်းထည့်ပြီး ဆားနဲ့ အရည်ခန်းအောင်ထိပြုတ်ပြီး လှော်ထားတာ။ ဆားလေးပေါ့ပေါ့နဲ့ ဆိုတော့ ချိုတယ်ဆရာကြီး၊ ဒါကတောင်ခြေ ခရမ်းခင်းက ခရမ်းသီးလေ၊ လေးခြမ်းခွဲပြီး မျှင်ငါးပိနိုင်းချင်းနဲ့ ငရုတ်သီးစိမ်းလေးနှစ်ခြမ်းခွဲပြီး စပ်စပ်ကလေးချက်ထားတာ၊ ဒါကမရမ်းသီးချဉ်ရည်ကျို၊ မရမ်းသီးတွေက တောင်ကြောမှာ အလေ့ကျပေါက်နေကြတာလေ၊ သွားရူးရင်ရတယ်၊ စားပါဆရာကြီး"

စံရွှေသာမှာ ဆရာကြီးတို့ အဖွဲ့ကို ဧည့်ခံလိုက်၏။

"ထမင်းကျွေးရတာ အားနာပါတယ် ဆရာကြီးရယ်။ ဘာဟင်းမှာ မှ ဆီ မပါဘူး၊ ဒီလိုပဲ ကျွန်မတို့ က ရွက်ကြမ်းရေကြို စားနေကြတာပါ"

"ရပါတယ်. . . ရပါတယ်. . .ဆရာကြီးကလည်း ဆီကြိုက်တာ မဟု

တ်ဘူး ၊ အိမ်မှာ လည်း ဒီလိုပဲ အစားများ ပါတယ်။ ဟင်းတွေကို ချဉ်ငန် စပ်လေး လုပ်ထားတော့ အရမ်းစားမြိန်ပါတယ်၊ ပင်လယ်ပြင်ထဲ လှိုင်းနဲ့ နပန်းလုံးလာခဲ့တာ ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

ဆရာကြီးမှာ စိတ်ကြိုက်ဟင်းတွေမို့ ထမင်းစားရသည် မှာ မြိန်လှသည် ။ မရမ်းသီးချဉ်ရည်ကလည်း အလုပ်ပင်ပင်ပန်းပန်း လုပ်ထားသူတွေ အတွက် အမောပြေချဉ်ရည်ကလေးဖြစ်သည် ။ လည်ချောင်းထဲသို့ ပူပူ နွေးနွေးကလေး ဆင်းသွားရာ ခံတွင်းအရသာရှိလှသည် ။

စံရွှေသာမှာ ဆရာကြီးတို့ ကို မမျှော်လင့်မရည်ရွယ် မတွေးခေါ်မိဘဲ ထမင်းဟင်းကျွေးမွေး ညှော့ခံရသည့်အတွက် ပီတိရင်ဝယ် ပြည့်နေပေ တော့သည် ။ လူမှုဘဝနယ်ပယ်ထဲတွင် စုန်ဆန်မျောနေကြသော လူသား တွေအတွက် မမျှော်လင့်သောနေရာတွင် မရည်ရွယ်ဘဲ ဆုံတွေ့တတ်ကြ သည် မှာ ဖြစ်လေ့ဖြစ်ထရှိသော ဇာတ်လမ်းတွေဟူ၍ ဆိုလိုက ဆိုနိုင်သ ည် ။ သို့သော် ဆရာကြီးဦးလွမ်းဝေတို့ သားအဖတစ်တွေနှင့် တပည့်စံ ရွှေသာတို့ ဆုံတွေ့ခြင်းမှာ ယနေ့ကြုံတွေ့ခဲ့ရသော ပင်လယ်ပြင်ဇာတ်ဝ င်ခန်းအပေါ် အခြေတည်ပြီး အရမ်းလေးနက်နေမိခဲ့ပေတော့သည် ။

သည် လိုဒုက္ခကြားတွင် ထမင်းတစ်နပ်အတွက် အရမ်းအခက်အခဲဖြ စ်နေချိန်မျိုး၌ ဆရာဖြစ်သူအား ကျွေးမွေးပြုစုလိုက်ရသော တပည့်၏ ဝ မ်းသာမှု၊ တပည့်ဖြစ်သူ၏ ကျွေးမွေးပြုစုမှုကို လက်ခံပြီး အာဟာရဖြည့် တင်းလိုက်ရသော ဆရာ၏ ပီတိတို့ မှာ ကမ္ဘာကုန်ကျယ်သရွေ့ဝယ် ဟူ၍ သာ။

တစ်နည်းအားဖြင့် ဆရာကြီးဦးလွမ်းဝေတို့ အတွက် ဆားငန်ရေအ တိပြီးသော ပင်လယ်ရေပြင်ကြီးထဲ၌ ရေချိုတစ်ပေါက် သောက်ရရေးအ တွက် အာခြောက်နေကြရသော အခြေအနေမျိုးတွင် ရေချိုတွင်းတစ်တွ

င်းကို တွေ့သွားသည် ဟု ဆိုက မှားမတဲ့ လား။

* * * * * *